# စစ်ကျွန်ကာရေစီနှင့် ရွေးကောက်ပွဲနဖါးကြိုး (သို့) သာကီသွေးနဲ့ စစ်ခွေးရာဇဝင်ကြွေးနဲ့ ပြစ်မှုကာရေ

မြန်မာအစနှင့်ပတ်သက်၍ ဆိုရိုးစကားအမျိုးမျိုးအနက် "မြန်မာအစ တကောင်းက" ဟူသောဆိုရိုးသည် တခု အပါအဝင် ဖြစ်ခဲ့ဘူး၏။ တကောင်းပြည်ကြီးကို တည်ခဲ့သည့် မဟာသမ္မတမင်းသည် သာကီဝင် မင်းတပါး ဖြစ်သည်ဟု ယူဆလျှက် အချို့သော မြန်မာတို့သည် မိမိ ကိုယ်ကို သာကီသွေးမှ ဆင်းသက်ခဲ့ကြသော သာကီနွယ်ဖွားများဟု ယုံကြည်ယူမှတ်ကြကုန်၏။

ပသို့ဆိုစေကာမူ သမိုင်းမှတ်တမ်းများအလိုအရ မြန်မာနိုင်ငံသမိုင်းသည် ပျူများ 1st century BC တွင်ဝင်ရောက်လာပြီး ပျူမြို့ပြနိုင်ငံ များ(ဟန်လင်းကြီး၊ ဗိဿနိုး၊ သရေခေတ္တာရာ၊ ပင်းတယ) မှ စတင်ခဲ့ပေသည်။ သမိုင်းကြောင်း တလျှောက်လုံးတွင် မြန်မာနိုင်ငံသည် အုပ်စိုးသူ အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ရ၏။ အချို့ကား အမျှော်အမြင်ကြီးမား၍ အရည်အချင်း ပြည့်မီကြ၏။ ထိုအုပ်စိုးသူတို့ လက်ထက်တွင် တိုင်းပြည်သည် စည်ပင် ဝပြောလျှက် ပြည်သူပြည်သားတို့ ငြိမ်းချမ်းကြကုန်၏။ အချို့အုပ်စိုးသူတို့ကား ဆိုးဝါးခက်ထန်လျှက် အမြော်အမြင် နည်းပါးကြ၏။ ရက်စက်ကြမ်းကြုတ်သော သဘောရှိ၏။ ပြည်သူပြည်သားတို့အား နှိပ်စက်ညှင်းပမ်းတတ်၏။

ယနေ့ခေတ် မြန်မာနိုင်ငံရောက်ရှိနေသည့် အခြေအနေ အဆင့်အတန်းကို ကြည့်ရှုမှုဖြင့် လက်ရှိအုပ်စိုးသူ စစ်အာဏာရှင်တို့ အရည်အ ချင်းပြည့်ဝသည်၊ မပြည့်ဝသည်၊ တိုင်းပြည်ကို စေတနာရှိသည်၊ မရှိသည်ကို ငြင်းဆိုရန်အကြောင်းမရှိတော့ပေ။ ၁၉၆၂ မှသည် ယနေ့ ထက်တိုင် ရာစုတဝက်နီးပါး စစ်ဖိနပ်အောက် ကျရောက်ခဲ့သောခေတ်ကို အမှောင်ခေတ်ဟု ခေါ်ဆိုအပ်၏။ နိုင်ငံသားတိုင်း လူဖြစ်တန်ဖိုးများ နေ့စဉ်နင်းချေခံရလျှက် အကြောက်တရားဖြင့်ရှင်သန်ရင်း ဆင်းရဲတွင်းနက်သထက် နက်လာသည့် ဘဝများ၊ သောကအဖုံဖုံနှင့် ကြိမ် မီးအုံးသို့နှယ် ပူလောင်နေရသည့် ဘဝများသာ ပိုင်ဆိုင်ကြရ၏။ မျိုးချစ်စိတ်ကို အရေခြုံလျှက် မျိုးမမှန် သန္ဒေမမှန်ပဲ၊ မြန်မာ့မြေတွင် ပေါက်ရောက်နေသည့် စစ်အာဏာရှင်အဆိပ်ပင်ကြီးသည် အသီးတဝေဝေ အရွက်တဖါးဖါး ဖွံ့ထွားရှင်သန်လျှက်ရှိပေသည်။ ထိုအဆိပ် ပင်နှင့်အဆိပ်သီးများအား ခစားမှီတွယ်စားသောက်နေထိုင်ကြကုန်သော ကပ်ပါးမျောက်အပေါင်းတို့ကို ခွဲခြမ်းစိပ်ဖြာကြည့်သော် အောက်ပါ ကြန်အင်လက္ခဏာရှိသည့် လူအမျိုးအစားများကိုသာ တွေ့ရှိရပေသည်။

(၁) အမှန်နှင့်အမှား မခွဲခြားတတ်သည့် လူဖျင်း လူနုံများ
(၂) အကြင်နာကင်းမဲ့၍ ခက်ထန်ကြမ်းတမ်းစွာ နှိပ်စက်တတ်သည့် လူမိုက် လူရမ်းများ
(၃) သစ္စာမတည်ကြည်ပဲ ကောက်ကျစ်လှည့်ဖြားတတ်သော လူရှုပ်လူယုတ်များ
(၄) ခေတ်ပညာတတ်လျှက် မိုက်မဲသော လူတော် လူလျှော်များ
(၅) မကောင်းမှုတွင် မွေ့လျော်တတ်သည့် လူ့ဗာလ လူ့အန္ဓများ
(၆) အတ္တလွန်ကဲပြီး လောကကိုအကျိုးမပြုတတ်သော လူ့အမှိုက်များ
(၇) ကျေးဇူးမဲ့တတ်၍ ကျွေးသောလက်ကို ကိုက်တတ်သော လူ့တရိစ္ဆာန်များ
(၈) အခွင့်အလမ်းရရေးသာကြည့်တတ်၍ လူအများကို ခုတုံးလုပ် နင်းကျော်တတ်သည့် လူပေါ် လူဇော်များ
(၉) ဟီရိဩတ္တပ္ပကင်းမဲ့၍ မကောင်းမှုကို ရဲရင့်စွာ ကျူးလွန်တတ်သော လူ့ဘီလူးများ

(၁၀) လူ့အဖွဲ့အစည်းကို အဆိပ်အတောက် ဖြစ်စေလျက် လိုက်စား ဖျက်စီးတတ်သော လူ့ လောက်လန်းများ

(၁၁) တဒ်ဂ ခဏစည်းစိမ်ချမ်းသာအတွက် လူ့ကျင့်ဝတ်သိက္ခာကို မြေသို့နင်းချေတတ်သည့် လူစုတ် လူပုပ်များ

(၁၂) ကြီးမားသောအမှားများ ထပ်တလဲလဲ ကျူးလွန်၍ နောင်တစိတ်မရှိသော လူ့တဖောက်ကန်းများ

(၁၃) ဆရာသမားတို့ကိုစော်ကား၊ အမိအဖကိုပင်သတ်ရဲသည့် လူဒေဝဒတ်များ

အဆိုပါ အော့နှလုံးနာဖွယ်ကောင်းသည့် လူများကား တိုင်းပြည်ကိုအုပ်ချုပ် ဖျက်ဆီးလျှက်ရှိကြ၏။ ၂၀၁၀ ခု ရွေးကောက်ပွဲဖြင့် နိုင်ငံတော်အာဏာကို ပြောင်လိမ်အနိုင်ယူရန် ပြင်ဆင်လျှက်နေကြကုန်၏။ ၂၀၀၈ ခု ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုခဲ့သလို ပြည်သူလူထု အလိုမတူပဲ ဇွတ်အဓမ္မ ရွေးကောက်ပွဲကြီးကျင်းပလျှက် "စစ်ကျွန်ကရေစီ"စနစ်ကို မွေးဖွါးရန် စီမံလျှက်ရှိကြ၏။ ထိုအဓမ္မဝါဒီ စစ်အာဏာ ရှင်တို့ စိုးမိုးခဲ့သည့် ရာစုနှစ်ဝက်အတွင်း ကျူးလွန်ခဲ့၊ ကျူးလွန်ဆဲ ရာဇဝတ်မှုများကား ကုဋေကုဋာ အနန္တမကပေ။ ထိုအထဲမှ ထင်ရှား၍ ကြီးလေးသောပြစ်မှုများကို အောက်ပါအတိုင်းတင်ပြလိုက်ပါ၏။ စာဖတ်သူပရိသတ်ကြီး ချင့်ချိန်ကြပါကုန်။

(၁) ခေတ်အဆက်ဆက် လူထုအုံကြွမှုတိုင်းတွင် ရက်စက်စွာပစ်ခတ်သတ်ဖြတ်နှိမ်နင်းမှု

(၂) စစ်မှန်သော ငြိမ်းချမ်းရေး မတည်ဆောက်ပဲ ပြည်တွင်းစစ်မီး တောက်လောင်စေလျှက် အသက် အိုးအိမ်စည်းစိမ် ဘဝများ ပျက်စီး ဆုံးရှုံးစေမှု

(၃) နိုင်ငံတော်အာဏာကို ပြည်သူအလိုမတူပဲ လက်နက်အားကိုးဖြင့် လုယက်သိမ်းပိုက်မှု

(၄) အမှန်တရားမြတ်နိုး၍ မတရားမှုကို တွန်းလှန်သည့် နိုင်ငံသားတို့အား ဥပဒေမဲ့ ဖမ်းဆီးညှင်းပမ်းလျှက် နှစ်ရှည်ထောင်ချမှု ။

(၅) ဓမ္မစေတီထိုက်၍ ရှိသေအပ်သော သံဃာတော်အရှင်မြတ်များကို လူမဆန်စွာ သတ်ဖြတ်ကျူးလွန်မှု

(၆) သံဃာတော်များအား အဓမ္မသင်္ကန်းချွတ်ခြင်း၊ ရင့်သီးစွာခေါ်ဝေါ်ခြင်း၊ ရိုက်ပုတ်ကန်ကျောက်ခြင်း အစရှိသည့် နည်းများဖြင့် စော်ကား ညှင်းပမ်းမှု

(၇) သာသနာစည်းလုံးမှုပြိုကွဲရန် လာဘ်လာဘများသုံး၍ သံဃာ့ဂိုဏ်းခွဲမှု

(၈) လူမျိုးဖြုတ်သုတ်သင်ရေးပေါ်လစီဖြင့် နယ်စပ်ဒေသများတွင် တိုင်းရင်းသူအမျိုးသမီးများအား မုဒိမ်းကျင့် စော်ကားသတ်ဖြတ်မှု

(၉) နိုင်ငံသားတို့၏ လယ်ယာမြေ၊ ဘိုးဘွားပိုင်မြေတို့အား မတရားသဖြင့်သိမ်းယူမှု

(၁၀) ငွေစက္ကူများ တရားမဝင်ဟု ကြေငြာလျှက် အများပြည်သူတို့၏ ချွေးနဲစာ စုဆောင်းငွေများကို ဓါးပြတိုက်လုယူမှု

(၁၁) နိုင်ငံတော်ပိုင် အဆောက်အအုံ၊ မြေယာပစ္စည်းများကို ဘိုးမွေဘမွေသဖွယ် ဝေခွဲရောင်းချ၍ ကိုယ်ကျိုးရှာမှု

(၁၂) မူးယစ်ဆေးဝါး နှိမ်နင်းမှုများ ထိရောက်စွာ မလုပ်ကိုင်ပဲ ရည်ရွယ်ချက်ဖြင့် လူငယ်လူရွယ် မျိုးဆက်သစ်များကို ဖျက်ဆီးခဲ့မှု

(၁၃) ဘိန်းရာဇာမှောင်ခိုများဖြင့် ပေါင်းသင်းလျှက် စီးပွားရှာမှု

(၁၄) ပြည်သူလူထု တရပ်လုံး၏ ဆန္ဒကို မျက်ကွယ်ပြုလျှက် ၁၉၉၀ ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်မပြု အကောင်အထည်မဖေါ်မှု

(၁၅) ဖယ်ဒရယ်တစ္စေဖြင့် ချောက်လှန့်ပြီး တိုင်းပြည်ညီညွတ်မှု ပြိုကွဲအောင် သွေးခွဲမှု၊ တိုင်းရင်းသား အချင်းချင်းကြား အမုန်းပင်စိုက်မှု

(၁၆) လူမျိုးကြီးဝါဒကို ကျင့်သုံး၍ လူမျိုးငယ်စုများအား အနိုင်ကျင့်မှု၊ ၎င်းတို့၏ စာပေယဉ်ကျေးမှု အနုပညာများကို သင်းကွပ်မှု

(၁၇) တိုင်းပြည်၏ ပညာရေးစနစ်ကို စနစ်တကျ ဖျက်ဆီးလျှက် မျိုးဆက်သစ်လူငယ်တို့အား အတွေးမှား လမ်းမှာများသို့ ပို့ဆောင်မှု

(၁၈) တတိုင်းပြည်လုံး အကျင့်စာရိတ္တ ပျက်စီးစေလျှက် လာဘ်ပေးလာဘ်ယူမှုများကို ထိရောက်စွာမဖြေရှင်းပဲ မိုးခါးရေ သောက်စေမှု

(၁၉) လွတ်လပ်စွာ ယုံကြည်ခွင့်၊ လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့် အစရှိသော အခြေခံ လူ့အခွင့်အရေး အားလုံးကို ချိုးဖေါက်မှု၊ လူဖြစ်သိက္ခာနှင့် တန်ဘိုးကို အသိအမှတ်မပြုမှု

(၂၀) အများပြည်သူတို့ အားကိုးအားထားကြရသော ရဟန်းရှင်လူပုဂ္ဂိုလ် ခေါင်းဆောင်တို့အား မမှန်ကန်သော စွပ်စွဲမှုများဖြင့် အကြည် ညိုပျက်စေမှု၊ အသရေဖျက်မှု

(၂၁) ဆင်းရဲဒုက္ခရောက်နေသည့် နာဂစ်ဘေးသင့်လူထုအား ညှာတာမှုကင်းမဲ့စွာ မျက်ကွယ်ပြုမှု၊ မကူညီမှု

(၂၂) နာဂစ်ဘေးသင့်ပြည်သူတို့အား လှူဒါန်းသည့် ရိက္ခာဆေးဝါး ငွေကြေးများကို ဖြတ်တောက်ယူမှု

(၂၃) နာဂစ်ဘေးသင့်ပြည်သူတို့အား လှူဒါန်းလိုသည့် ပြည်တွင်းပြည်ပမှ စေတနာရှင်များကို နည်းမျိုးစုံနှင့် တားဆီး နှောက် ယှက်မှု

(၂၄) ရေနစ်သူ ဝါးကူထိုးသဖွယ် နာဂစ်ဘေးဒဏ်ခံပြီးစချိန်တွင် ပြည်သူအလိုမတူပဲ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို အတည် ပြုခဲ့မှု

(၂၅) အမျှော်အမြင်ကင်းမဲ့သည့် စစ်အာဏာရှင်အုပ်စိုးမှုအောက်တွင် တိုင်းပြည်အဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှု အမွေအနှစ် များ၊ ရှေးဟောင်း အဆောက်အအုံများ ဆုံးရှုံးမှု

(၂၆) တိုင်းပြည်အား စစ်သံဖနောက်အောက်ပို့၍ ကမ္ဘာ့အဆင်းရဲဆုံးနှင့်ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး နိုင်ငံအဆင့်ရောက်စေမှု

(၂၇) အမျိုးဘာသာ သာသနာတို့အား အကြိမ်ကြိမ်အဖန်ဖန် စော်ကားဖျက်ဆီးမှု

(၂၈) မှားယွင်းသော အုပ်ချုပ်မှုစနစ်ဖြင့် တမျိုးသားလုံး၏ ကျမ္မာရေးအဆင့်အတန်း လျော့ကျယိုယွင်းစေမှု

(၃၀) တိုင်းပြည်ကိုနှစ်ပေါင်း ၅၀ နီးပါး အမှောင်တိုက်သွင်း၍ ပြည်သူလူထုကို နားပိတ် မျက်စိပိတ်ထားခဲ့မှု

(၃၁) အာဏာရှင်စနစ် အရှည်တည်တံ့အောင် စစ်မှန်သော ဂီတအနုပညာရှင်ကြီးများအား နှိပ်ကွပ်ချိုးနှိမ်လျက် မြန်မာ့စာပေ ဂီတ အနုပ ညာနယ်ပယ်အား အညွန့်ချိုးဖျက်ဆီးခဲ့မှု

(၃၂) ခေတ်နောက်ပြန်ဆွဲ၍ မမှန်ကန်သော အုပ်ချုပ်ပုံစနစ်များဖြင့် တိုင်းပြည်အနာဂါတ်ဘဝ၊ လူငယ်လူရွယ်တို့၏ အနာ ဂါတ်ကို ဖျက်ဆီးခဲ့မှု

(၃၃) တိုးတက်လိုသည့် နိုင်ငံရေးအသိနိုးကြားသူတိုအား ရက်စက်စွာ စံနမူနာပြ နှိပ်ကွပ်ခြင်းဖြင့် နိုင်ငံရေး သားကြောဖြတ် ခဲ့မှု

(၃၄) အသိဉာဏ်နည်းသော အာဏာပါးကွက်သား လူမိုက်များမွေးမြူလျှက် အများပြည်သူ ရဟန်းရှင်လူတို့၏ နေ့စဉ် လူမှု ဘဝများကို ခက်ခဲကြပ်တည်းအောင် ဆောင်ရွက်မှု၊ နှောက်ယှက်မှု

(၃၅) မတရားသော အမိန့်အာဏာ ဥပဒေများ ပြဋ္ဌာန်းလျက် မိဘပြည်သူတို့အား မျက်ရည်ကြီးငယ်ကျစေမှု၊ သောကပင် လယ်ဝေစေမှု

(၃၆) အဆင်ခြင်တုံမဲ့ တိုင်းပြည်၏သဘာဝ သယံဇာတ အရင်းအမြစ်များဖြုန်းတီးမှု၊ ဖြုန်းတီးစေမှု

(၃၇) အခြေခံ အဆောက်အဦးမရှိပဲ အနှစ်သာရမရှိသော စီမံကိန်းများ အကောင်အထည်ဖေါ်လျှက် တိုင်းပြည် ဘဏ္ဍာကို အလဟာသဆုံး ရှုံးစေမှု

(၃၈) နိုင်ငံတော်ပိုင် ဘဏ္ဍာများကို အများပြည်သူတို့ နေ့စဉ် သက်သာ ချောင်ချိစေရေးအတွက် မသုံးစွဲပဲ၊ အဆိပ်ပင်ရေ လောင်းသကဲ့သို့ စစ်အာဏာရှင်စနစ်တည်မြဲရေးအတွက် စစ်ရေးအတွက် လွန်ကဲစွာသုံးစွဲမှု

အဆိုပါ ရာဇဝတ်မှု သာမက အခြားသော ပြစ်မှု ဒုနဲ့ဒေးကို ကျူးလွန်ပျော်ပါးနေကြသည့် စစ်အာဏာရှင် အပေါင်းပါတို့ကား ၂၀၁၀ ရွေးကောက်ပွဲ အခင်းအကျင်းဖြင့် စစ်အာဏာရှင်စနစ်ကို တရားဝင်ဖြစ်ရန် အကွက်ချ စီမံလျက်ရှိ၏။ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်ရွေး ကောက်ပွဲဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ပြည်သူလူထုမဲပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ စစ် အာဏာရှင်သည် ရွေးကောက်မဲရ လာဒ်ကို မဲရေတွက်ခြင်း မရှိပဲ၊ ရုပ်သေးအစိုးရတရပ်ကို မုချဖွဲ့စည်းနိုင်ရန် ကြံရာ ကိန်း ဂဏန်းရာနှုန်းများဖြင့် ကြေညာပေလိမ့်ဦးမည်။ သား စဉ်မြေးဆက် စစ်ကျွန်ဘဝတွင် နစ်မွန်းစေမည့်"စစ်ကျွန်ကရေစီ"စနစ် ကို ရွေးကောက်ပွဲ နဖါးကြိုးထိုး၍ ကိုယ့်ခါးနှင့်ကိုယ့်ဗိုက်ကို ပြန် ထိုးခိုင်းလျှက်ရှိ၏။

ဤနေရာတွင် စာရေးသူအနေဖြင့် ပြည်သူလူထုကြီး တရပ်လုံး(ရွေကောက်ပွဲဝင်ရန် ပြင်ဆင်နေသူများ အပါအဝင်၊ တပ်မ တော်သားများ၊ တစည၊ ကြံ့ဖွံ့အဖွဲ့ဝင်များအပါအဝင်)ကို လတ်တလော အရေးကြီးဆုံး အောက်ပါ အမျိုးသားရေး တာဝန် ကြီး (၂) ရပ်ကို အလေးအနက် စဉ်းစား အကောင်အထည်ဖေါ်ရန် မေတ္တာရပ်ခံ တင်ပြလိုက်ရပေသည်။

(၁) မဲပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ မှန်ကန်စွာ မရေတွက်မည့် ရွေးကောက်ပွဲတွင် **မဲမထည့်** ကြရန် ။
(၂) မတရားသော အခြေခံဥပဒေနှင့် ရွေကောက်ပွဲဥပဒေတို့အား အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် လူထု ဆက်သွယ်ရေး လမ်းကြောင်းမျိုးစုံဖြင့် ရှင်းလင်းဖြေရှင်းရန် ။

နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ ကျောင်းသားအဖွဲ့အစည်းများ၊ သံဃာ့အဖွဲ့အစည်းများ၊ အခြားသာရေးနာရေး အဖွဲ့အစည်း များ တိုင်းရင်း သားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပနိုင်ငံရေးလှုပ်ရှားသူများ၊ ပြည်တွင်းပြည်ပမီဒီယာများ၊ မြန်မာ့အရေးထောက်ခံသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးတို့ တညီတညွတ်တည်း ၂၀၁၀ ရွေးကောက်ပွဲကို အသိအမှတ် မပြု ဆန့်ကျင်ခြင်းအားဖြင့် စစ်အာဏာရှင်စနစ်ကို ချေမှုန်းနိုင်မည်ဟု ယုံကြည်မိ ပေသည်။

ဤအချိန်သည် မြန်မာပြည်၏ အနာဂါတ်ကို အဆုံးအဖြတ်ပေးတော့မည့် ကာလဖြစ်၏။ တွေဝေနေရမည့် အချိန်မဟုတ် အ တွေးအခေါ်များ ကွဲပြားငြင်းခုန်နေရမည့် အချိန်မဟုတ် ပြတ်သားစွာဆန့်ကျင်၍ စစ်အာဏာရှင်ရွေးကောက်ပွဲကို သပိတ် မှောက်ရမည့် အချိန်ဖြစ်၏။ နှစ်ပေါင်း (၄၈) နှစ် တိုင်အောင် တိုင်းပြည်ကို အဆိပ်သင့်စေခဲ့သည့် စစ်အာဏာရှင် အဆိပ်ပင် ကြီးကို အမြစ်လှန် တူးထုတ်ပစ်ရန်မှာ နိုင်ငံသားတိုင်း၏ အမျိုးသားရေး တာဝန်ကြီးဖြစ်ပေ၏။

၂၀၁၀ ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရန်၊ တရားဝင်အုပ်စိုးခွင့်ရရန် အသုံးချခံ ကိရိယာတခုသာ ဖြစ်၏။ မြန်မာ ပြည်သူတို့ကား ဤစစ်ဘီလူးတို့၏ အလိမ်အညာကို အကြိမ်ကြိမ် အဖန်ဖန်ခံခဲ့ရဘူးပြီ။ ဘဝများ အလီလီသေ ခဲ့ ရပြီ။ ပျဉ်ဖိုးနားလည်သင့် လှပေပြီ။ ဤတကြိမ်တွင် နိုင်ငံသားအားလုံးမှ တညီတညွတ်တည်း စစ်အာဏာရှင် ထောင် ချောက်ထဲသို့ မသက်ဆင်းကြပဲ။ ၂၀၁၀ ရွေး ကောက်ပွဲကို ပြတ်ပြတ်သားသား ဥပေက္ခာပြုခြင်းဖြင့်၎င်း မဲလုံး၀ မထည့်ခြင်း ဖြင့်၎င်း နိုင်ငံတော် တာဝန်ကြီးတရပ်ကို ရဲရင့်ပြတ်သားစွာ ထမ်းဆောင်လျှက် အများတောင်းတနေသည့် ဒီမိုကရေစီ နိုင်ငံ သစ်ကြီးအတွက် အုပ်မြစ်ချနိုင်လိမ့်မည်ဟု ယုံကြည်မိပေသည်။

မိခင်တိုင်းဝမ်းမြောက်နိုင်ပါစေ။
ချစ်သူတိုင်းပန်းကောက်နိုင်ကြပါစေ။

မင်းကောင်းချစ်(ထီပေါင်းကား)၁၆/မေလ/၂၀၁၀